
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## သူလျှိုတစ်ဆယ့်နှစ်ယောက် 3.01

## တောလည်ရာ ၁၃၊ ၁၄

ဘုရားသခင်ဟာ သူ့လူတွေကို အမြဲဂရုစိုက်တယ်။ သူ့လူဣသရေလလူမျိုးတွေ အီဂျစ်နိုင်ငံမှာကျွန်ခံနေရတဲ့အချိန်မှာလည်း ကူညီပေးဖို့ ဘုရားသခင်ဆီကို အော်ဟစ်ခဲ့ကြတယ်။ အဲဒါကြောင့် သူတို့ကိုကယ်ဖို့ မောရှေကို ဘုရားသခင်စေလွှတ်ခဲ့တယ်။ သူ့လူတွေကို လွှတ်ပေးဖို့ အတွက် ဘုရားသခင်ဟာ အီဂျစ်ဘုရင်ကို တန်ခိုးတွေအများကြီးပြခဲ့တယ်။ နောက်ဆုံးတော့ မောရှေဟာ ဘုရားသခင်ရဲ့လူတွေကို အီဂျစ်ပြည်ကနေထုတ်ဆောင်လာပြီး ကတိတော်မြေသစ်ဖြစ်တဲ့ ခါနန်ပြည်ကို ပို့ဆောင်ခဲ့တယ်။ လမ်းတလျှောက်မှာ ပြဿနာတွေအများကြီး ကြုံရတယ်။ လူတွေရဲ့မကျေနပ်ချက် စောတက်က တက်တာတွေကိုလည်း ကြားခဲ့ရတယ်။ ဘုရားသခင်ကို နာခံမှုမရှိတဲ့အချိန် တွေလည်းရှိခဲ့တယ်။ မောရှေကတော့ ဘုရားသခင်သူ့ကို စေခိုင်းတဲ့အတိုင်း သူ့လူတွေကိုဦးဆောင်ပြီး ကတိတော်နယ်မြေသစ်ဆီ ဆက်လက် ချီတက်ခဲ့တယ်။

ခါနန်ပြည်အနားကိုသူတို့ရောက်လာကြတဲ့အခါ၊ သူတို့အတွက်ဘုရားသခင်ပေးမယ့်မြေကို စူးစမ်းဖို့အတွက် လူဆယ့်နှစ်ယောက်ကို ရွေးချယ်ဖို့ မောရှေကို ဘုရားသခင်ကပြောခဲ့တယ်။ အဲဒီဒေသမှာ ဘုရားကိုမယုံကြည်၊ မသိတဲ့အပြစ်သားတွေ အခြေချနေထိုင်ကြတယ်လို့ ဘုရားသခင်သိတယ်။ ဒေသခံလူတွေကို အောင်နိုင်ဖို့အတွက် ဣသရေလလူမျိုးတွေကို ဘုရားသခင်က ကူညီပေးခဲ့တယ်။ သူ့လူမျိုးတော်အတွက် သူကတိပေးထားတဲ့မြေပဲဖြစ်ပါတယ်။ မောရှေဟာ သူလျှိုတစ်ဆယ့်နှစ်ယောက်ကို စေလွှတ်တဲ့အခါမှာ အရာအားလုံးကို လေ့လာကြည့်ခဲ့ဖို့ သူတို့ကိုမှာထားခဲ့တယ်။ "နယ်မြေကိုလေ့လာပြီး၊ အသီးအနှံစိုက်ပျိုးနိုင်ခြေရှိမရှိသိနိုင်ဖို့ အဲဒီဒေသထွက်သီးနှံတွေယူလာကြပါ။ အဲဒီဒေသခံလူတွေကို လေ့လာပါ၊ သူတို့သန်မာကြသလား? အားနည်းကြသလား? သူတို့နေထိုင်တဲ့မြို့ခိုင်မာသလားဆိုတာကို ပြန်ပြောပြပါ" လို့မောရှေမှာထားခဲ့တယ်။

သူလျှိုဆယ့်နှစ်ယောက်ဟာ ခါနန်ပြည်မှာ ရက်ပေါင်းလေးဆယ် စူးစမ်းခဲ့တယ်။ အရာအားလုံးကို သူတို့မြင်ခဲ့ကြတယ်။ သူလျှိုတွေထဲက ယောရှုနဲ့ကာလက်တို့ဟာ စိတ်လှုပ်ရှားစွာနဲ့ပြန်လာကြတယ်။ သူတို့ဟာ ကောင်းတဲ့အစားအစာတွေကို ပြန်ယူလာကြတယ်။ "လူတွေဟာ သန်မာကြတယ်၊ ဒါပေမယ့် အဲဒီမြေကို ငါတို့ကိုဘုရားသခင်ပေးမယ်ဆိုတာ သိတယ်၊ သူတို့ကိုတိုက်ခိုက်ပြီး နိုင်ကြမယ်၊ မကြောက်ကြနဲ့၊ ဘုရားသခင်ငါတို့နဲ့အတူ ရှိတယ်" လို့ သူတို့ပြောကြတယ်။

ဒါပေမယ့် ကျန်တဲ့သူလျှိုဆယ်ယောက်ကတော့ ကြောက်ရွံ့နေကြတယ်။ "သူတို့တွေအရမ်းကြီးမားကြတယ်၊ သူတို့ကိုတိုက်ခိုက်ဖို့ သူတို့အရမ်း ခွန်အားကြီးကြတယ်။ သူတို့ရှေ့မှာ ငါတို့ဟာ နှံကောင်လောက်သာသာပဲရှိလိမ့်မှာဖြစ်ပြီး၊ ငါတို့ကိုသတ်ကြလိမ့်မယ်" လို့ သူတို့ပြော ကြတယ်။ သူတို့တွေ့ခဲ့တဲ့ကြောက်စရာ အဖြစ်အပျက်တွေကိုလည်း သူလျှိုဆယ်ယောက်ဟာ ဆက်ပြောပြကြသေးတယ်။ အဲဒီနယ်မြေကို သိမ်းယူဖို့ ဘုရားသခင်ကသူတို့ကိုကူညီပေးလိမ့်မယ်လို့ သူတို့ မယုံကြည်နိုင်ကြဘူး။ လူတွေအားလုံးဟာ ဒီလူဆယ်ယောက်ပြောတဲ့စကားကို ယုံကြည်ကြတယ်။ သူတို့ဟာ သူတို့ကိုမောရှေက အီဂျစ်ပြည်က ထုတ်ဆောင်လာ ခဲ့တာကိုပဲ ညည်းတွားမြည်တမ်း၊ ငိုကြွေးအပြစ်တင် ကြတယ်။ "ငါတို့ကို အီဂျစ်ပြည်ဆီပြန်ခေါ်ဆောင်သွားပေးမယ့် ခေါင်းဆောင်အသစ်ကို ရွေးကြစို့" လို့ သူတို့ ပြောကြတယ်။

မောရှေဟာ သူ့အစ်ကိုအာရုန်နဲ့အတူ ဘုရားသခင်ရဲ့တန်ခိုးတော်ကိုယုံကြည်တဲ့သူလျှိုနှစ်ယောက်ဖြစ်တဲ့ယောရှုနဲ့ကာလက်တို့နဲ့ တွေ့ဆုံခဲ့တယ်။ လူတွေ မကြောက်ကြဖို့ သူတို့ကရှင်းပြဖြောင်းဖျကြတယ်။ ဒါပေမယ့် လူတွေဟာ သူတို့ကိုစိတ်ဆိုးကြတယ်။ သူတို့ကို အယုံအကြည်မရှိကြဘူး။ ဘုရားကို ကိုးစားတဲ့ ဒီလူတွေကိုသတ်ဖို့ လူတွေဟာ စပြီးပြောလာကြတယ်။

အဲဒီအချိန်မှာပဲ ဘုရားသခင်ရဲ့ဘုန်းရောင်ခြည်ဟာ သူတို့မျက်မှောက်မှာထွန်းလင်းလာတယ်။ "ဒီလူတွေငါ့ကို ကိုးစားဖို့ ဘယ်လောက်ထိ ငြင်းပယ်နေကြဦးမလဲ? သူတို့အတွက်အများကြီးလုပ်ခဲ့ပြီ? သူတို့အားလုံးကိုသေခွင့်ပြုပြီး၊ လူသစ်တွေနဲ့ အသစ်အစပြုစဉ်းစားတယ်" လို့ မောရှေကို ဘုရားသခင်ကပြောတယ်။ "သူတို့ လုပ်ရပ်မှားတွေနဲ့ မနာခံခြင်းကို ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ၊ သူတို့ကို ကိုယ်တော်အမြဲချစ်ခဲ့သလို အခုလည်းချစ်နေတယ်ဆိုတာသိပါတယ်" လို့ ဘုရားသခင် ကို မောရှေက ပြန်ပြောခဲ့တယ်။

လူတွေကို ခွင့်လွှတ်ပေးမယ်လို့ မောရှေကို ဘုရားသခင်ကပြောတယ်။ ဘုရားသခင်ကိုမကိုးစားရဲခြင်းတွေ၊ သူတို့အတွက်ကတိထားတဲ့ နယ်မြေကိုဝင်စားဖို့ ကြောက်ရွံ့နေခြင်းတွေ၊ အကောင်ကြီးမားတဲ့လူတွေကိုတိုက်ဖို့ ဘုရားသခင်သူတို့ကိုကူညီပေးမယ်ဆိုတာကို မယုံကြည်နိုင်ခြင်းတွေကြောင့် သူတို့ကိုနောက် နှစ်ပေါင်းလေးဆယ်ကြာအောင် ကန္တာရထဲမှာလှည့်လည်သွားလာဖို့ ဘုရားသခင် လုပ်ခဲ့တယ်။ ဘုရားသခင်က တိထားတဲ့ခါနန်ပြည်ကို အဲဒီအချိန်ကာလမှာ အသက်ရှင်နေတဲ့သူတွေအားလုံးမဝင်ကြရဘဲ၊ သူတို့ရဲ့သားသမီးတွေသာ ဝင်စားနေထိုင်ခွင့်ကို ဘုရားပေးခဲ့တယ်။ ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့တဲ့ယောရှုနဲ့ ကာလက်ကိုတော့ ခါနန်ပြည်ဝင်စားဖို့ ဘုရားသခင်ခွင့်ပြုခဲ့ပါတယ်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သူ၏နှုတ်ကပတ်တော်ကို ကိုးစားသောအခါ၊ ကျွန်ုပ်တို့ကို သူသည် ကူညီမစသည်။

## သူလျှိုတစ်ဆယ့်နှစ်ယောက် - ဆရာလမ်းညွှန် 3.01

### တောလည်ရာကျမ်း ၁၃၊ ၁၄

### အဓိကအချက်များ

၁) အီဂျစ်ပြည်ရှိ ဘုရားသခင်၏လူမျိုးတော်ဣသရေလလူများကိုကယ်တင်ရန် မောရှေကို ဘုရားသခင်စေလွှတ်ခဲ့သည်။ ခါနန်ပြည်တွင် အခြေချနေထိုင်ရန် နယ်မြေသစ်ကို ဘုရားသခင်ကတိပေးခဲ့သည်။

၂) ခါနန်ပြည်နှင့်နီးကပ်လာသောအခါ၊ ထိုမြေကိုစူးစမ်းရန်နှင့်ထိုမြေနှင့်ပတ်သက်သည့်အချက်အလက်များယူလာရန် သူလျှို လူတစ်ဆယ့်နှစ်ယောက်ကို မောရှေစေလွှတ်ခဲ့သည်။

၃) သူလျှိုတစ်ဆယ့်နှစ်ယောက်ဟာ ခါနန်ပြည်မှာ ရက်ပေါင်းလေးဆယ်ကြာ စူးစမ်းခဲ့တယ်။ သူတို့ပြန်လာကြတဲ့အခါ၊ သူတို့ထဲက နှစ်ယောက်က သီးနှံကောင်းတွေကို ယူလာခဲ့တယ်။ လူတွေဟာသန်မာကြတယ်၊ ဒါပေမယ့် အဲ့မြေကလူတွေကိုအနိုင်ယူဖို့ ဘုရားသခင်ကူညီလိမ့်မယ်လို့ သူတို့ကပြောခဲ့တယ်။

၄) အခြားသူလျှိုတစ်ဆယ်ယောက်ကတော့ ကြောက်ရွံ့နေကြတယ်။ လူတွေက အရမ်းကြီးကြတယ်၊ သူတို့ကိုအနိုင်မတိုက်နိုင် လောက်ဘူးဆိုပြီး၊ လူတွေကို ပိုပြီးကြောက်ရွံ့အောင် သတင်းပြန်ပို့ကြတယ်။

၅) ဘုရားသခင်ဟာ လူတွေကို ဒေါသထွက်တယ်။ သူတို့ကို ဖျက်ဆီးပစ်ချင်တယ်။ သူတို့ကိုခွင့်လွှတ်ပေးဖို့ မောရှေက ဘုရားသခင်ကို ပြောတယ်။ သူတို့ကို ခွင့်လွှတ်မယ်၊ ဒါပေမယ့် သူတို့ဟာကန္တာရထဲမှာ နောက်ထပ်အနှစ်လေးဆယ် လှည့်လည်ရကြလိမ့်မယ်လို့ မောရှေကိုဘုရားသခင်က ပြောခဲ့တယ်။

### မေးခွန်းများ

၁) ဘုရားသခင်ရဲ့လူဣသရေလလူမျိုးတွေအတွက် ကတိတော်မြေက ဘာမြေလဲ?

၂) ခါနန်ပြည်ကိုစူးစမ်းဖို့ လူဘယ်နှစ်ယောက်ကို မောရှေစေလွှတ်ခဲ့လဲ?

၃) သူလျှိုနှစ်ယောက်က ခါနန်ပြည်အကြောင်း ဘယ်လိုပြန်ပြောကြလဲ?

၄) ကျန်တဲ့သူလျှိုဆယ်ယောက်ကရော ခါနန်ပြည်အကြောင်းကို ဘယ်လိုပြန်ပြောကြလဲ?

၅) သူလျှိုတွေပြန်ပြောပြချက်ကို နားထောင်ပြီးနောက်မှာ လူတွေဟာ ဘာလုပ်ချင်ကြလဲ?

၆) သူ့ကိုမကိုးစားနိုင်တဲ့လူတွေ ဘာဆက်ဖြစ်မယ်လို့ ဘုရားသခင်က ပြောခဲ့လဲ?

### အဖြေများ

၁) ဘုရားသခင်ရဲ့လူဣသရေလလူမျိုးများအတွက် ကတိတော်မြေဟာ ခါနန်ပြည်ဖြစ်ပါတယ်။

၂) နယ်မြေသစ်ကိုစူးစမ်းဖို့ သူလျှိုတစ်ဆယ့်နှစ်ယောက်ကို မောရှေစေလွှတ်ခဲ့ပါတယ်။

၃) ဘုရားသခင်ရဲ့ကူညီမစခြင်းအားဖြင့် အဲဒီမြေကိုအောင်လိမ့်မယ်လို့ သူလျှိုနှစ်ယောက်ကပြောပါတယ်။

၄) အခြားသူလျှိုနှစ်ယောက်ကတော့ အဲဒီလူတွေကို မတိုင်နိုင်လောက်အောင်ခွန်အားကြီးကြကြောင်း ပြန်ပြောပါတယ်။

၅) လူတွေဟာ အီဂျစ်ပြည်ကို ပြန်လှည့်သွားချင်ကြပါတယ်။

၆) လူတွေဟာ နောက်ထပ်နှစ်ပေါင်းလေးဆယ် တောကန္တာရထဲမှာလှည့်လည်ရလိမ့်မယ်။ ကတိတော်ထားရာမြေကို ဝင်ခွင့်မရှိဘူးလို့ ဘုရားသခင်က ပြောပါတယ်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သူ၏နုတ်ကပတ်တော်ကို ကိုးစားသောအခါ၊ ကျွန်ုပ်တို့ကို သူသည် ကူညီမစသည်။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org